© 2017MAHIDOL UNIVERSITY ALL RIGHTS RESERVED




## သတိပြုရန်

- ဆီနှင့်အခြားသော ဓါတုပစ္စည်းများကို အခြေခံပြီး ထုတ်လုပ်ထားသော ချောဆီများကို မသုံးရပါ။ Vaseline ဆီ၊ အုန်းဆီနှင့် လိုးရှင်းအဆီများက ကွန်ဒုံးများအား ပေါက်ပြဲစေတတ်ပါတယ်။
- ရေကို အခြေခံပြီး ထုတ်လုပ်ထားသော ချောဆီများကိုသာ အသုံးပြုသင့်ပါတယ်။






**ကွန်ဒုံးကို ဆောင်ထားရတာဟာ**

**ရှက်စရာမဟုတ်ပါဘူး၊**

**လိုအပ်တဲ့အခါတိုင်းလည်း နီးစပ်ရာ 7/11 ဆိုင်တိုင်းမှာ**

**အလွယ်တကူဝယ်လို့ရပါတယ်**

၁၅၀၀/၃၄၃၂, တမ်ဘွန်
မဟာချိုင်၊ အမ်ဖို မူရန်
စမွတ်စခွန်၊ ၇၄၀၀၀။

# ကွန်ဒုံး သုံးဖို့ လိုသလား

## (การใช้ถุงยางอนามัย)




**ကွန်ဒုံးကို စနစ်တကျ ထိရောက်စွာ အသုံးပြုနိုင်ခြင်းအားဖြင့် ရောဂါကူးစက်မှုပေါင်း သန်းနှင့်ချီလျက်ကို ရှောင်ရှားနိုင်သည်**



© 2017MAHIDOL UNIVERSITY ALL RIGHTS RESERVED

## ကွန်ဒုံးဆိုတာ ဘာလဲ၊

**ကွန်ဒုံးဟာ လိင်ဆက်ဆံခြင်းမှ ဖြစ်ပေါ်လာနိုင်တဲ့ ရောဂါများကို ကာကွယ်ရာမှာ အသုံးပြုတဲ့ အစွမ်းထက်တဲ့ပစ္စည်းတစ်ခု ဖြစ်ပါတယ်။**



## ဘာကြောင့် သုံးသင့်တာလဲ၊

ကွန်ဒုံးသုံးခြင်းကြောင့် လိင်ဆက်ဆံမှုမှ ကူးစက်နိုင်တဲ့ HIV ၊ ဂနို၊ ဆစ်ဖလစ်၊ ခလာမေးဒီးယား၊ ကြွက်နို့၊ ရေယုန်နဲ့ အခြားရောဂါမှ ကူးစက်ခံရခြင်း (သို့) မိမိထံမှ အခြားသူ တစ်ဦးထံသို့ ကူးစက်ခြင်းများကို ကာကွယ်ပေးပါတယ်။

## ကွန်ဒုံးကို ဘယ်လိုအသုံးပြု ရမလဲ။

၁) သက်တမ်း ကုန်ဆုံးမည့်ရက်ကို ကြည့်ပါ။




၂) ကွန်ဒုံးကို ဖေါက်စဥ်မှာ မိမိလက်သည်းများနဲ့ ခြစ်မိခြင်း မရှိစေရန် ဂရုစိုက်ပါ။

၃) မိမိအသုံးပြုမည့် ကွန်ဒုံးကို အပူဒဏ် (သို့) ဖိအားများကြောင့် ပျက်ဆီးနေခြင်း ရှိမရှိ  စစ်ဆေးပါ။




၄)  ကွန်ဒုံး အထိပ်ပိုင်းအား သုတ်ရည် ထွက်နိုင်ရန်အတွက် နေရာချန်ထားပါ။



၅) လေမခိုစေရန် သတိပြုပါ။

၆) ကွန်ဒုံးအား ယောက်ျားလိင်အင်္ဂါ အဆုံး ထိရောက်အောင် ဆွဲချပါ။

## လိင်ဆက်ဆံခြင်းကြောင့် ကူးစက်တတ်တဲ့ ရောဂါများ ရဲ့ ရောဂါလက္ခဏာ များ

၁) ဆီးသွားရင် ဆီးပူခြင်းနဲ့ နာကျင်ခြင်း။

၂) လိင်တံ၊ စအို နဲ့ မိန်းမအင်္ဂါများမှ ပြည်များထွက်ခြင်း။

၃) ဆီးအရောင်များ ရင့်ခြင်း။

၄) လိင်အင်္ဂါတစ်ပိုက် တင်ပါးနေရာများ၊ ပေါင်ကြားများနဲ့ ခန္ဓာကိုယ်တပိုက် နာကျင်ခြင်းနဲ့ ယား ယံခြင်း။

၅) လိင်ဆက်ဆံစဥ်အတွင်း နာကျင်ခြင်း။

၆) လိင်တံ၊ ပေးစေ့၊ စအို၊ မိန်းမအင်္ဂါ နှင့် လိင်အင်္ဂါတစ်ပိုက် အနာများ၊ ကြွက်နို့များ၊ အဖုများနဲ့ ယောင်ယံခြင်းများ။

၇) လက်ဖဝါး၊ ခြေဖဝါးများတွင် အနီကွက် (အင်ပြင်) များထခြင်း။

၈) မျက်လုံးနှင့် အသားများဝါလာခြင်း တို့ပဲ ဖြစ်ပါတယ်။





Samut Sakhon Hospital (034 427 099)